# ၂၀၁၉ခုနှစ်၊ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပရသည့်ရည်ရွယ်ချက်

ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အခမ်းအနားကျင်းပရခြင်းမှာ ကာကွယ်ကုသ၍ရသော မျက်မမြင်ခြင်းကို ဖြစ်စေသောရောဂါများ (Avoidable Blindness) အကြောင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေခြင်းဖြင့် မျက်မမြင်ခြင်းကြောင့် ဖြစ်ပွားရသည့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဒုက္ခများမှ ကင်းဝေးစေရန် ရည်ရွယ်ပါသည်။

ဝိသေသရည်ရွယ်ချက်

(၁) ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အခမ်းအနားကို ဗဟိုနှင့်အခြား ပြည်နယ် / တိုင်းဒေသကြီး တို့တွင် ကျင်းပပြုလုပ်သွားရန်။

(၂) ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခရိုင်နှင့် မြို့နယ် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းဌာနများတွင် ပဏာမမျက်စိ ကျန်းမာရေးစောင့်ရှောက်မှု ဟောပြောပွဲများ ပြုလုပ်ခြင်း၊

(၃) ကျေးရွာများအထိ ကွင်းဆင်း၍ မျက်စိကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ မူလတန်း ကျောင်းများတွင် ကျောင်းသူ၊ ကျောင်းသားများ၏ မျက်စိကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်သွားရန်။